**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃ (စ) }**

**ခုံအဖွဲ့**

၂၀၂၄ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ် (၂၀/၂၀၂၄)

| | |
|---|---|
| ဦးစိုးဇင်ဦးထက် (အလုပ်ရှင်)<br>ဒေါ်ဖြိုးဝေအောင် (General Manager)<br>(အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)<br>TLB Group Co.,Ltd ၊ အမှတ်(၇)၊ အေးရိပ်မွန်အိမ်ရာ၊<br>အမှတ်(၅)ရပ်ကွက်၊ ရတနာမွန်(၁)လမ်း၊ လှိုင်မြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | } လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးအောင်သက်ပိုင်ပါ(၃)ဦး (အလုပ်သမား)<br>ဗိုလ်မင်းရောင်လမ်း၊ ရွှေပြည်သာမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | } လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ လ ၁၁ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ အမှတ်(၅)ရပ်ကွက်၊ ရတနာမွန်(၁) လမ်း၊ အမှတ်(၇)ရှိ ဦးစိုးဇင်ဦးထက် (အလုပ်ရှင်) ပိုင်ဆိုင်သော TLB Group Co.,Ltd၊ ဒေါ်ဖြိုးဝေအောင် (General Manager) (အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)နှင့် အလုပ်သမား ဦးအောင်သက်ပိုင်ပါ (၃)ဦးတို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို လှိုင်မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က တာဝန်ယူ လက်ခံကြားနာစစ်ဆေး ဆုံးဖြတ်ခဲ့ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သည် တောင်းဆိုသူနှင့် တောင်းဆိုခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များ ရေးဆွဲပြီး ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်-

**ကောက်ချက် ။** အလုပ်သမား ဦးအောင်သက်ပိုင်ပါ (၃)ဦးအား အလုပ်ရပ်စဲမှုနစ်နာကြေး ပေးရန် သင့်/မသင့်။

**ဆုံးဖြတ်ချက်။** အလုပ်သမား ဦးအောင်သက်ပိုင်ပါ (၃)ဦးတို့အား လုပ်သက်အလိုက် အလုပ်ရပ်စဲမှုနစ်နာကြေးကို အောက်ပါအတိုင်း ထုတ်ပေးရန်နှင့် နို့တစ်ကြေးပေးရန် မလိုကြောင်း ဆုံးဖြတ်လိုက်သည်။

| စဉ် | အမည် | လစာ | လုပ်သက် | တွက်ချက်မှု | နစ်နာကြေး |
|---|---|---|---|---|---|
| ၁။ | ဦးအောင်သက်ပိုင် | ၅၀၀၀၀၀ိ/- | ၆နှစ်ကျော် | ၅၀၀၀၀၀ိ/- × ၅ လစာ | ၂,၅၀၀,၀၀၀ိ/- |
| ၂။ | ဦးစိုးသက်ပိုင် | ၄၀၀၀၀၀ိ/- | ၃နှစ်ကျော် | ၄၀၀၀၀၀ိ/- × ၃ လစာ | ၁,၂၀၀,၀၀၀ိ/- |
| ၃။ | ဦးဇေယျာပိုင် | ၂၅၀၀၀၀ိ/- | ၄နှစ်ကျော် | ၂၅၀၀၀၀ိ/- × ၄ လစာ | ၁,၀၀၀,၀၀၀ိ/- |
| **စုစုပေါင်း** | | | | | **၄,၇၀၀,၀၀၀ိ/-** |

၃။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၂၆/၂၀၂၄) ဆုံးဖြတ်ချက်အပေါ် အလုပ်ရှင်ဘက်မှ ကျေနပ်မှုမရှိသဖြင့် ခုံသမာဓိကောင်စီသို့ ပြင်ဆင်မှု လျှောက်ထားခဲ့ရာ အလုပ်သမားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ ရုံးအမိန့်စာအမှတ် (၂၆၉/၂၀၂၄)ဖြင့် ခုံသမာဓိကောင်စီ၊ အမှုအမှတ် (၂၀/၂၀၂၄) အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်ဝင်း (ဝန်ကြီးဌာနကိုယ်စားလှယ်)၊ အဖွဲ့ဝင် ဒေါ်မြတ်မြတ်ကျော် (အလုပ်ရှင်ကိုယ်စားလှယ်) နှင့်

အဖွဲ့ဝင် ဦးသင်းမောင်ဆွေ (အလုပ်သမားကိုယ်စားလှယ်) တို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၄။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် ဖော်ပြပါအငြင်းပွားမှုအား စနစ်တကျစစ်ဆေးခဲ့ကြပြီး ဥပဒေကြောင်းနှင့် ကျိုးကြောင်းဆီလျော်မှု၊ လူမှုရေးတရားမျှတမှု၊ သာတူညီမျှမှု၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ၏ ရည်ရွယ်ချက်အတိုင်း အခြေပြုဆုံးဖြတ်ရန်ဖြစ်ကြောင်း ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့က မျှတမှန်ကန်စွာ ဆုံးဖြတ်နိုင်ရေးအတွက် စိစစ်လေ့လာခဲ့ကြပြီး ၁၀-၁၂-၂၀၂၄ ရက်နေ့တွင် ရုံးထိုင်စစ်ဆေးဆုံးဖြတ်ခဲ့ကြပါသည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၂၆/၂၀၂၄) ဆုံးဖြတ်ချက်အပေါ် အလုပ်ရှင်ဘက်မှ ကျေနပ်မှုမရှိသဖြင့် ခုံသမာဓိကောင်စီသို့ လျှောက်ထားလာသည့် ဤအငြင်းပွားမှုအား ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကို လက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့၏ မှတ်တမ်းများ၊ တင်ပြလာသော စာရွက်စာတမ်းများ၊ အထောက်အထားသက်သေခံများ၊ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက်ထွက်ဆိုချက်များ၊ လျှောက်ထားသူ အလုပ်သမား၏ လျှောက်ထားလွှာတို့အပေါ် အခြေခံ၍ ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃ (က)ကို ကျင့်သုံးလျက် သက်ဆိုင်သူ အလုပ်ရှင်၊ အလုပ်သမားတို့ကို ခေါ်ယူကြားနာစစ်ဆေးခြင်းမပြုဘဲ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး စီရင်ဆုံးဖြတ်လိုက်သည်-

**ကောက်ချက် ။** အလုပ်သမား ဦးအောင်သက်ပိုင်ပါ (၃)ဦးအား အလုပ်ရပ်စဲမှုနစ်နာကြေးပေးရန် သင့်/မသင့်။

<u>**အမှုဖြစ်စဉ်အကျဉ်းချုပ်**</u>

၆။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ အမှတ်(၅)ရပ်ကွက်၊ ရတနာမွန်(၁)လမ်း၊ အမှတ်(၇)တွင် ဖွင့်လှစ်ထားသော TLB Group Co.,Ltd. ပိုင်ရှင် ဦးစိုးဇင်ဦးထက်၊ ဒေါ်ဖြိုးဝေအောင် (General Manager) က အလုပ်သမား ဦးအောင်သက်ပိုင်ပါ (၃)ဦးကို အလုပ်မှထုတ်ပယ်ခြင်းခံရသဖြင့် ဦးအောင်သက်ပိုင်ပါ (၃)ဦးက အလုပ်ရပ်စဲမှုနစ်နာကြေးရရှိလိုသည့်ကိစ္စနှင့်ပတ်သက်၍ လှိုင်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ရာ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့က (၃) ကြိမ်တိုင်တိုင် ညှိနှိုင်းဖြေရှင်းခဲ့သော်လည်း ပြေလည်မှုမရှိခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ခံယူခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊

ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် အလုပ်ရှင်ဘက်မှ ကျေနပ်မှုမရှိပါသဖြင့် ခုံသမာဓိကောင်စီသို့ လျှောက်ထားပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

<u>**စစ်ဆေးတွေ့ရှိချက်များ**</u>

၇။ ယခုအငြင်းပွားမှုဖြစ်စဉ်တွင် အလုပ်သမား ဦးအောင်သက်ပိုင် (မော်တော်ယာဉ်မှူး)က ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့နှင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တို့တွင် ထွက်ဆိုတင်ပြထားသည်မှာ မိမိသည် ၁၁-၂-၂၀၁၈ ရက်နေ့တွင် အလုပ်ဝင်ရောက်ခဲ့ကြောင်း၊ လက်ရှိလစာမှာ ကျပ် ၅၀၀၀၀၀/- (ပုတ်ပြတ်) ရရှိကြောင်း၊ ၁၉-၉-၂၀၂၄ ရက်နေ့တွင် General Manager မှ "လုပ်ငန်းမကောင်းသဖြင့် မူလရာထူး၊ မူလလစာ မပေးနိုင်တော့ကြောင်း၊ လုပ်ခကို အလုပ်ဆင်းသည့် ရက်တွက်ရမည်၊ မဆင်းသည့်ရက်အတွက် မရကြောင်း၊ ခေါင်းဆောင်ပိုင်းတွင် အစည်းအဝေးလုပ်ပြီး ပြောခြင်းဖြစ်ကြောင်း" ပြောခဲ့ရာ မိမိမှ လုပ်သက်ကြာပြီဖြစ်၍ လက်မခံနိုင်ကြောင်း၊ ပြောင်းလဲသည့် ပုံစံဖြင့် အဆင်မပြေ၍ ဆက်လက်မလုပ်နိုင်ပါကြောင်းပြောပြီး ၃၀-၉-၂၀၂၄ ရက်နေ့ထိ အလုပ်ဆင်းခဲ့ပါကြောင်း၊ ၂-၁၀-၂၀၂၄ ရက်နေ့တွင် ကုမ္ပဏီသို့ စာတင်ခဲ့ပြီး တစ်ပတ်စောင့်ခဲ့ရာ အကြောင်းပြန်ကြားမှုမရှိသဖြင့် ၉-၁၀-၂၀၂၄ ရက်နေ့တွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်။

၈။ အလုပ်သမား ဦးစိုးသက်ပိုင် (ယာဉ်မောင်း)က ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့နှင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တို့တွင် ထွက်ဆိုတင်ပြ ထားသည်မှာ ၎င်းသည် ၆-၁-၂၀၂၁ ရက်နေ့တွင် အလုပ်ဝင်ရောက်ခဲ့ပြီး လစာ ၄၀၀၀၀၀/- ကျပ် ရရှိကြောင်း၊ ၁၅-၉-၂၀၂၄ ရက်နေ့တွင် Meeting လုပ်ခဲ့ပြီး ၂၅-၉-၂၀၂၄ ရက်နေ့တွင် General Manager မှ နှုတ်ဖြင့် အလုပ်ရပ်စဲခဲ့ပါကြောင်း၊ ၂-၁၀-၂၀၂၄ ရက်နေ့တွင် ကုမ္ပဏီသို့ စာတင်ခဲ့ပြီး တစ်ပတ်စောင့်ခဲ့ရာ ပြန်ကြားမှုမရှိသဖြင့် ၉-၁၀-၂၀၂၄ ရက်နေ့တွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

၉။ အလုပ်သမား ဦးဇေယျာပိုင် (အရောင်းဝန်ထမ်း)က ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့နှင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တို့တွင် ထွက်ဆိုတင်ပြထားသည်မှာ ၎င်းသည် ၄-၁၁-၂၀၁၉ ရက်နေ့တွင် အလုပ်ဝင်ရောက်ခဲ့ပြီး လစာ ၂၅၀၀၀၀/- ကျပ် ရရှိကြောင်း၊ ၉ လပိုင်း ကုန်သည်အထိ အလုပ်လုပ်ကိုင်ပြီးသည်နှင့် အလုပ်လာစရာမလိုဟု ပြောဆိုခဲ့ကြောင်း တွေ့ရှိရပြီး တောင်းဆိုသူ (၃)ဦးတို့ တိုင်ကြားမှုအတွက် မြို့နယ်ရုံးတွင် (၄)ကြိမ်တိုင်တိုင် ချိန်းဆိုညှိနှိုင်းဖြေရှင်းခဲ့ရာ တတိယ

အကြိမ်တွင် အလုပ်ရှင်ဘက်မှ ခွင့်တိုင်သောကြောင့် ညှိနှိုင်းခဲ့ခြင်းမရှိကြောင်းတွေ့ရှိရသဖြင့် မျက်နှာစုံညီ (၃) ကြိမ် ညှိနှိုင်းခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၀။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့နှင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တို့တွင် အလုပ်သမားများ၏ ထွက်ဆိုတင်ပြချက်များအရ ဦးအောင်သက်ပိုင်သည် မူလလစာ၊ မူလရာထူး ပြန်လည်ရရှိလိုပြီး အလုပ်ပြန်လည်မခန့်အပ်နိုင်ပါက လုပ်သက်နစ်နာကြေးနှင့် ကြားကာလ နစ်နာကြေးပေးရန် တင်ပြခဲ့ရာ အလုပ်ရှင်ဘက်မှ ဦးအောင်သက်ပိုင်သည် မိမိသဘောဖြင့် အလုပ်နုတ်ထွက်ခဲ့ခြင်းဖြစ်၍ မပေးနိုင်ကြောင်းပြောကြားခဲ့ပြီး အလုပ်သမား ဦးစိုးသက်ပိုင်သည် အလုပ်မှ ရပ်စဲခံရသဖြင့် လုပ်သက်(၃)နှစ်ကျော်ရှိရာ နစ်နာကြေးရယူလိုကြောင်း တောင်းဆိုပြီး အလုပ်ရှင်မှ (၃)လစာ အစား အခြေခံလစာအဖြစ် (၂)လစာသာ ပေးမည်ဖြစ်ကြောင်း၊ အလုပ်သမား ဦးဇေယျာပိုင်သည်လည်း အလုပ်ရပ်စဲခံရသဖြင့် နစ်နာကြေးရလို ကြောင်းနှင့် အလုပ်ရှင်မှ နစ်နာကြေး(၄) လစာ အစား အခြေခံလစာဖြင့် (၃)လစာသာ ပေးမည်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၁။ အလုပ်ရှင်မှ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့နှင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တို့တွင် ထွက်ဆိုတင်ပြထားသည်မှာ TLB Group Co.,Ltd သည် အစားအသောက်နှင့် ပတ်သက်၍ Order ရှိသည့်နေရာသို့ ပို့ပေးရသည့် ဝန်ဆောင်မှုလုပ်ငန်းဖြစ်ကြောင်း၊ စည်ပင်လိုင်စင်ရှိကြောင်း၊ ယခုကာလ ကုန်ဈေးနှုန်းမြင့်လာသဖြင့် Order မှာသူများကလည်း ဈေးမတိုးပေးသဖြင့် လုပ်ငန်း (၇) ခုတွင် (၅)ခု ရပ်လိုက်ရပါကြောင်း၊ ၂၆-၈-၂၀၂၄ ရက်နေ့တွင် ဝန်ထမ်းများခေါ်ယူပြီး တစ်လနို့တစ်အဖြစ် နှုတ်မိန့်အရပြုလုပ်ခဲ့ပြီး Meeting Record ထားရှိတင်ပြထားပါကြောင်း၊ Meeting တွင် ဦးစိုးသက်ပိုင်နှင့် အခြားဝန်ထမ်း(၇)ဦး ပါဝင်ကြောင်း၊ တစ်လနို့တစ်ပေးပြီး အလုပ်မရှိပါက ရှာပေးမည်၊ မိမိတို့မှလည်း အလုပ်သစ်ရှာရန် ပြောဆိုခဲ့ပါကြောင်း၊ ပြင်ပရောက်နေသူ ဦးဇေယျာပိုင်ပါ (၇)ဦးတို့အား ခေါင်းဆောင်မမိုးပွင့်မှ တစ်ဆင့် General Manager မှ ပြောခိုင်းကြောင်း၊ ဝန်ထမ်းများအနက် မအင်ကြင်းခိုင်သည် City Mart တွင် အလုပ်ဝင်နေပြီး ကျန်(၅) ဦးမှာ သူဌေးသူငယ်ချင်းထံ အလုပ်ရှာပေးခဲ့ကြောင်း၊ ၃၀-၉-၂၀၂၄ ရက်နေ့တွင် ဦးအောင်သက်ပိုင်ပါ (၃)ဦးအား လုပ်ခလစာ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိ ကျန်သူများ အလုပ်ဆင်းနေပြီး (၁)ဦးမှ ပျက်ကွက်သဖြင့် အလုပ်ရပ်ဆိုင်းသွားကြောင်း၊ အလုပ်ရှင်အနေဖြင့် ဦးအောင်သက်ပိုင်သည် ၃၀-၉-၂၀၂၄ ရက်နေ့အထိ အလုပ်ဆင်းပြီး နုတ်ထွက်မည်ပြော၍ နစ်နာကြေးမပေးနိုင်ကြောင်းနှင့်

ဦးစိုးသက်ပိုင်နှင့် ဦးဇေယျာပိုင်တို့အား နို့တစ်တစ်လကြိုတင်အကြောင်းကြားပြီးဖြစ်၍ နစ်နာကြေးကို အခြေခံလစာဖြင့် တွက်ချက်ထုတ်ပေးလိုကြောင်း ထွက်ဆိုထားသည်ကို စိစစ်တွေ့ရှိရသည်။

၁၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ဦးအောင်သက်ပိုင်သည် မိမိဆန္ဒအရ ၃၀-၉-၂၀၂၄ ရက်နေ့တွင် နုတ်ထွက်ကြောင်း နုတ်ထွက်စာ တင်ပြနိုင်မှုမရှိသဖြင့် လုပ်သက်အလိုက် နစ်နာကြေး ရသင့်ကြောင်း၊ နို့တစ်ကြေး တစ်လစာ ပေးရန်မလိုကြောင်း၊ ဦးစိုးသက်ပိုင်နှင့် ဦးဇေယျာပိုင်တို့အား တစ်လနို့တစ်ပေးအကြောင်းကြားပြီး ရပ်စဲခဲ့သည့်အတွက် လုပ်သက်အလိုက် နစ်နာကြေး ရသင့်ပြီး နို့တစ်ကြေးပေးရန်မလိုကြောင်း သုံးသပ်၍ အလုပ်ရပ်စဲမှုနစ်နာကြေးကို ပေးရန် ဆုံးဖြတ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၁၃။ ခုံသမာဓိကောင်စီသို့ အလုပ်ရှင်ဘက်မှ တင်ပြလာသည်မှာ တစ်လနို့တစ်ဖြင့် အလုပ်ရပ်ဆိုင်းလိုက်သော ဝန်ထမ်း ဦးစိုးသက်ပိုင်နှင့် ဦးဇေယျာပိုင်တို့အား ပြဋ္ဌာန်းထားသော ဥပဒေအတိုင်း ချမှတ်ထားသော ဆုံဖြတ်ချက်ကို ကုမ္ပဏီအနေဖြင့် လိုက်နာသွားမည်ဖြစ်ကြောင်း၊ အလုပ်သမား ဦးအောင်သက်ပိုင်သည် ကုမ္ပဏီဘက်မှ အလုပ်ရပ်ဆိုင်းခြင်းမဟုတ်ဘဲ ၎င်း၏ဆန္ဒအတိုင်း အလုပ်ရပ်နားမည် (ဆက်လက်လုပ်ကိုင်လိုခြင်းမရှိ) ဟု ကိုယ်တိုင်ပြောဆိုခဲ့ခြင်းဖြစ်ပြီး အလုပ်သမား ဦးအောင်သက်ပိုင် ထွက်ဆိုထားသည့် အလုပ်ဆင်းရက်တွင်သာ လစာပေးမည်ဆိုခြင်းနှင့် ရာထူး/ လစာနှင့်ပတ်သက်၍ အဆိုပါ ခေါင်းဆောင်ပိုင်း အစည်းအဝေးတွင် ပြောကြားခဲ့ခြင်း မရှိကြောင်း၊ အလုပ်မှာ ယခင်ကဲ့သို့ လုပ်ငန်းများစွာရှိနေရာမှ လုပ်ငန်းသေးတစ်ခုအနေဖြင့် ပြောင်းလဲသွားသောကြောင့် မိမိတို့ သက်ဆိုင်ရာဌာနအလိုက် OT များ ပေးရန်မလိုသော အနေအထားဖြင့် လုပ်ဆောင်ပေးရန်နှင့် လက်ရှိကုမ္ပဏီ၏အနေအထားကို ခေါင်းဆောင်ပိုင်းများ သိရှိစေရန် ပြောကြားခဲ့ခြင်းအပေါ် ဦးအောင်သက်ပိုင်သည် မိမိ၏ ဆန္ဒအလျောက် ဆက်လက်မလုပ်ကိုင်တော့ကြောင်း ပြောကြားခြင်းသာဖြစ်ကြောင်း၊ စက်တင်ဘာလ နောက်ဆုံးရက် လစာထုတ်ပြီးချိန်တွင်လည်း အလုပ်ဆက်လုပ်ရန် ဆန္ဒရှိကြောင်း တစ်စုံတစ်ရာ မပြောကြားခဲ့ကြောင်း၊ စက်တင်ဘာ ၃၀ ရက် နောက်ပိုင်းတွင်လည်း အလုပ်လုပ်ကိုင်မှုနှင့်ပတ်သက်၍ ရုံးနှင့်မည်သည့်အဆက်အသွယ်မျှ မပြုလုပ်ထားကြောင်း၊ ကုမ္ပဏီသို့ ပေးခဲ့သည်ဆိုသော အကြောင်းကြားစာသည်လည်း မိမိနှင့် တာဝန်ရှိသူများထံ/ ရုံးမှ လက်ခံရရှိမှုမရှိကြောင်း တင်ပြထားသည်ကို တွေ့ရှိရပါသည်။

**<u>သုံးသပ်ချက်</u>**

၁၄။ ၁၉-၉-၂၀၂၄ ရက်နေ့ အစည်းအဝေးတွင် ဦးအောင်သက်ပိုင်က လုပ်သက်ကြာပြီဖြစ်၍ လက်မခံနိုင်ကြောင်း၊ ပြောင်းလဲသည့်ပုံစံဖြင့် အဆင်မပြေ၍ ဆက်လက်မလုပ်နိုင်ပါကြောင်းပြောပြီး ၃၀-၉-၂၀၂၄ ရက်နေ့ထိ အလုပ်ဆင်းခဲ့ပါကြောင်းတွေ့ရှိရသော်လည်း တရားဝင်နုတ်ထွက်ကြောင်း စာဖြင့် တင်ပြထားမှုမရှိခြင်း၊ အလုပ်ရှင် ကုမ္ပဏီ၏ ၁၉-၉-၂၀၂၄ ရက်နေ့ meeting minutes တွင် အောင်ဟိန်းကျော်၊ အောင်သက်ပိုင်တို့သည် ၉ လပိုင်းကုန်အထိသာ အလုပ်ဆင်းမည်ဖြစ်ပြီး အလုပ်ရပ်နားလိုကြောင်း လျှောက်ခဲ့သူများဟု ဖော်ပြထားသော်လည်း ထိုကဲ့သို့ လျှောက်ထားကြောင်း လျှောက်လွှာတစ်စုံတစ်ရာ မတွေ့ရှိရခြင်း၊ ဦးအောင်သက်ပိုင်သည် ၃၀-၉-၂၀၂၄ ရက်နေ့အထိ အလုပ်ဆင်းပြီး ၂-၁၀-၂၀၂၄ ရက်နေ့တွင် ကုမ္ပဏီသို့ စာတင်၍ နစ်နာကြေးတောင်းခြင်း၊ ၉-၁၀-၂၀၂၄ ရက်နေ့တွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တင်ပြခဲ့ခြင်းတို့ကြောင့် အစဉ်တစ်စိုက် တင်ပြဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရခြင်းတို့ကြောင့် အလုပ်ရှင်ဘက်က တရားဝင် အလုပ်ထုတ်ကြောင်း၊ အလုပ်သမားဘက်ကလည်း တရားဝင် အလုပ်ထွက်ကြောင်း တိတိကျကျ နှစ်ဦးနှစ်ဖက် ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ခဲ့ခြင်း မရှိသောကြောင့် အလုပ်ရပ်စဲမှုနစ်နာကြေးပေးရန် မသင့်သော်လည်း ဦးအောင်သက်ပိုင်သည် ၆ နှစ်ကျော် လုပ်သက်ရှိသည့် အလုပ်သမားဖြစ်ခြင်း၊ ၎င်း၏ နစ်နာကြေးကို အစဉ်တစ်စိုက် တင်ပြတောင်းခံခဲ့ခြင်း၊ ခုံသမာဓိအဖွဲ့က အလုပ်ရပ်စဲမှုနစ်နာကြေး ပေးရန် ဆုံးဖြတ်ခြင်းသည် သင့်လျော်သည်ဟု မဆိုသာသောကြောင့် ငွေ ၂,၀၀၀,၀၀၀/- ကျပ် (ကျပ်သိန်းနှစ်ဆယ်တိတိ)ကို ကရုဏာကြေး အဖြစ်ပေးရန် သင့်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၁၅။ အလုပ်ရှင်က ၂၉-၁၁-၂၀၂၄ ရက်စွဲဖြင့် ဦးစိုးသက်ပိုင်နှင့် ဦးဇေယျာပိုင်တို့အား ပြဋ္ဌာန်းထားသော ဥပဒေအတိုင်း ချမှတ်ထားသော ဆုံးဖြတ်ချက်ကို ကုမ္ပဏီအနေဖြင့် လေးစားလိုက်နာပါမည်ဟု တင်ပြထားရာ ခုံသမာဓိအဖွဲ့က ဆုံးဖြတ်ထားသည့် ဆုံးဖြတ်ချက်သည် အလုပ်သမားဝန်ကြီးဌာန၏ ၃-၇-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅)အရ အလုပ်ရပ်စဲမှုနစ်နာကြေးအဖြစ် ဦးစိုးသက်ပိုင်အား နစ်နာကြေး ၁,၂၀၀,၀၀၀/- ကျပ်၊ ဦးဇေယျာပိုင်အား နစ်နာကြေး ၁,၀၀၀,၀၀၀/-ကျပ် ပေးရန် ဆုံးဖြတ်ချက်သည် လျော်ကန်မှုရှိသဖြင့် အတည်ပြုသင့်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၁၆။ ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃(င)ပါ “အငြင်းပွားမှုကို ကြားနာစစ်ဆေးသည့်အခါတွင်ဖြစ်စေ၊ ကြားနာစစ်ဆေးခြင်းမပြုဘဲ အငြင်းပွားမှုကို ဆုံးဖြတ်သည့်အခါတွင်ဖြစ်စေ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်” ဟူသော ပြဋ္ဌာန်းချက်အရ အောက်ပါအတိုင်း ဆုံးဖြတ်သည်-

**ဆုံးဖြတ်ချက်။** အလုပ်သမား ဦးအောင်သက်ပိုင်အား လုပ်သက်အလိုက် အလုပ်ရပ်စဲမှုနစ်နာကြေးမဟုတ်ဘဲ ကရုဏာကြေးအဖြစ် ကျပ် ၂,၀၀၀,၀၀၀/- (ကျပ်သိန်းနှစ်ဆယ်တိတိ) ပေးရန်နှင့် ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ပါအတိုင်း အလုပ်သမား ဦးစိုးသက်ပိုင် နှင့် အလုပ်သမား ဦးဇေယျာပိုင်တို့အား လုပ်သက်အလိုက် အလုပ်ရပ်စဲမှုနစ်နာကြေးအဖြစ် ဦးစိုးသက်ပိုင်အား ကျပ် ၁,၂၀၀,၀၀၀/- (ကျပ်တစ်ဆယ့်နှစ်သိန်းတိတိ)နှင့် ဦးဇေယျာပိုင်အား ကျပ် ၁,၀၀၀,၀၀၀/- (ကျပ်တစ်ဆယ်သိန်းတိတိ) ကို ပေးရန် ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၇။ အထက်ပါ ဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ဤဆုံးဖြတ်ချက်ချသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ၂၉အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

| | | |
|---|---|---|
| ဒေါ်မြတ်မြတ်ကျော် | ဒေါ်တင်တင်ဝင်း | ဦးသင်းမောင်ဆွေ |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |